ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၈၀၀-ဆညဦ /ခွဲ (၈) အထွေထွေ/ ၀၀၄၂(၁)
ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

အကြောင်းအရာ။ **Fixed spectrum Monitoring stations များအတွက် လိုအပ်သော စက်ပစ္စည်းများ ပေးသွင်းရန် ယှဉ်ပြိုင်ဈေးနှုန်းခေါ်ယူခြင်း**

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ နောက်ဆက်တွဲ (က)တွင် ဖော်ပြထားသည့် Technical Specifications များနှင့် ကိုက်ညီသော Fixed spectrum Monitoring stations များအတွက် လိုအပ်သော စက်ပစ္စည်းများ (3) Units ကို ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းပေးသွင်းလိုသူများသည် (၂၉-၁-၂၀၂၀)ရက်နေ့ ညနေ(၁၅:၃၀) နာရီအချိန် နောက်ဆုံးထား၍ မိမိတို့၏ ဈေးနှုန်းလွှာများတွင် လက်မှတ်ရေးထိုးလျက် အောက်တွင် လက်မှတ်ရေးထိုးသူအရာရှိထံ လိပ်မူ၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ယှဉ်ပြိုင်ဈေးနှုန်းများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ဈေးနှုန်းလွှာတင်သွင်းသူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရပါမည်။

(က) ဈေးနှုန်းတင်သွင်းသည့်အခါတွင် Technical Proposal နှင့် Commercial Proposal တို့ကို သီးခြားစီတင်ပြရပါမည်။

(ခ) ဈေးနှုန်းတင်သွင်းရာတွင် စက်ပစ္စည်းတစ်ခုချင်းအလိုက်သော်လည်ကောင်း၊ Lot အလိုက်သော်လည်းကောင်း မြန်မာကျပ်ငွေဖြင့်သာ ဖော်ပြရပါမည်။ ပေးသွင်းရာ တွင် သတ်မှတ်အချက်အလက်နှင့် စံချိန်စံညွှန်းများကိုက်ညီမှုမရှိပါက လုံးဝလက်ခံမည် မဟုတ်ပါ။

(ဂ) ဈေးနှုန်းတင်သွင်းရာ၌ လုပ်ငန်းအပေါ် စိတ်ဝင်စားမှု အာမခံကြေးငွေကျပ် ၃၀,၀၀၀,၀၀၀/- ကိုပေးသွင်းမှသာလျှင် ဈေးနှုန်းတင်သွင်းလွှာကို လက်ခံမည်ဖြစ်ပါသည်။(လုပ်ငန်းမရရှိပါက အဆိုပါ စိတ်ဝင်စားမှုအာမခံကြေးကို ပြန်လည် ထုတ်ပေးပါမည်။)

(ဃ) လုပ်ငန်းရွေးချယ်ခြင်းခံရပါက လုပ်ငန်းအာမခံငွေအဖြစ် လုပ်ငန်းတန်ဖိုးငွေ၏ (၁၀%) ကို ကြိုတင်ပေးသွင်းမှသာလျှင် လုပ်ငန်းအပ်နှံသည့် စာချုပ် ချုပ်ဆိုပါမည်။ ၁၀% လုပ်ငန်းအာမခံ ငွေဟုဆိုရာတွင် လုပ်ငန်းအပေါ် စိတ်ဝင်စားမှု အာမခံကြေးငွေ ကျပ် ၃၀,၀၀၀,၀၀၀/-ကို ခုနှိမ်၍ ကျန်ငွေကိုသာ ပေးသွင်းရန်ဖြစ်ပါသည်။အပ်နှံလိုက်သော လုပ်ငန်းကို ဆောင်ရွက်ရန် ပျက်ကွက်ပါက ပေးသွင်းထားသော လုပ်ငန်းအာမခံငွေများ ကို သိမ်းယူမည်ဖြစ်ပါသည်။

(င) ၄င်းပစ္စည်းများကို ဤဦးစီးဌာနသို့ လုပ်ငန်း အပ်နှံသည့်နေ့မှ ရက်ပေါင်း (၁၈၀)ရက် အတွင်း အပြီးပေးသွင်းရပါမည်။ သတ်မှတ်ရက်ဖြင့် မပြီးပြတ်ပါက နှောင့်နှေးကြေး အဖြစ် တစ်ရက်လျှင် ပေးသွင်းရန်ကျန်ပစ္စည်းတန်ဘိုး၏ (၀.၀၁%)ကို ပေးဆောင်ရမည်။

(စ) ဈေးနှုန်းတင်သွင်းသူသည် ရွေးချယ်ခံရပြီးနောက်မှ လုပ်ငန်းလုပ်ကိုင်ရန် ငြင်းဆို တင်ပြလျှင်ဖြစ်စေ၊ ရွေးချယ်ကြောင်း အကြောင်းကြားပြီး (၇) ရက်မြောက်သည့် တိုင် လာရောက်၍ လုပ်ငန်းလက်ခံခြင်း မရှိလျှင်ဖြစ်စေ တင်သွင်းထားသော လုပ်ငန်း အပေါ် စိတ်ဝင်စားမှုအာမခံငွေကျပ် ၃၀,၀၀၀,၀၀၀/-ကို သိမ်းယူ၍ ကုမ္ပဏီကို အမည်ပျက်စာရင်း (Black List) တင်သွင်း၍ ကြေငြာခံရမည်ဖြစ်ပါသည်။

(ဆ) တင်ဒါတင်သွင်းသည့်အခါ တင်သွင်းမည့်ပစ္စည်းများ၏ Brand များဖော်ပြပေးရ ပါမည်။ ပေးသွင်းမည့်ပစ္စည်းများ၏ Catalogue များကို တစ်ပါတည်း ပူးတွဲတင်ပြရ ပါမည်။ ဖော်ပြသည့် ပစ္စည်းအမျိုးအစား အတိုင်းပေးသွင်းပေးရပါမည်။ အကယ်၍ မမှန်ကန်သော ပစ္စည်းဖြင့်ပြုလုပ်ပါက သတ်မှတ်ထားသည့် စံချိန်စံညွှန်း ကိုက်ညီ အောင် ပြန်လည်ဆောင်ရွက်ပေးရမည့် အပြင်ပေးသွင်းထားသည့် အာမခံငွေများကို သိမ်းယူ၍ နာမည်ပျက်စာရင်း ထည့်သွင်းကြေငြာမည်ဖြစ်ပါသည်။

(ဇ) အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် တင်ဒါပုံစံ တစ်စုံလျှင်၂၀၀၀ိ/- နှုန်းဖြင့် ဝယ်ယူရန်နှင့် လုပ်ငန်းအတွက် (၃၀,၀၀၀,၀၀၀ိ/-) (ကျပ်သိန်းသုံးရာတိတိ) ကို စိတ်ဝင်စားမှု အာမခံကြေးအဖြစ် (P.O Cheque) ပြုလုပ်ပြီး (၂၉- ၁-၂၀၁၉)(၁၅:၃၀)နာရီ နောက်ဆုံး ထား၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဘဏ္ဍာရေးဌာနသို့ ပေးသွင်းရမည်။ ဌာနမှ(P.O Cheque)လက်ခံရရှိပြီးမှသာလျှင် အိတ်ဖွင့်တင်ဒါ လက်ခံမည်ဖြစ်ပါ သည်။ လုပ်ငန်းမရရှိပါက(P.OCheque)ပြန်လည်ထုတ်ပေးပါမည်။ တင်ဒါတင်သွင်း ရာတွင် (P.O Cheque)မိတ္တူအား ပူးတွဲတင်ပြရမည်။

(ဈ) ဈေးနှုန်းလွှာတွင် စက်ပစ္စည်းများပေးသွင်းမည့်ကာလ (Delivery ) ကို ဖော်ပြရန် နှင့် ဈေးနှုန်းတည်မြဲရက် (Validity) မှာ အနည်းဆုံး (၆) လ ဖြစ်ရပါမည်။

(ည) Hardware, Software များအပါအဝင် စက်ပစ္စည်းများ အသုံးပြုမှု ၊ စက်တပ်ဆင် မှုနှင့် လိုင်းနှုန်းတိုင်းတာမှုများကို ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ဝန်ထမ်း (၃) ဦးအား ရက်သတ္တပတ် (၄) ပတ် အတွင်း စာတွေ့၊လက်တွေ့ဖြင့် ကျွမ်းကျင်စွာ တက်မြောက်ရန် လေ့ကျင့်သင်ကြားပေးရပါမည်။

(ဋ) တင်သွင်းမည့် စက်ပစ္စည်းများနှင့်ပတ်သက်၍ တင်ဒါခေါ်ယူရေးအဖွဲ့မှ Presentation ပြုလုပ်ရန် တောင်းဆိုသည့်အခါတွင် Presentation ပြုလုပ်ပေးနိုင်ရပါမည်။

(ဌ) လုပ်ငန်းရွေးချယ်ခံရသည့်အခါ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် လုပ်ငန်း

အပ်နှံခံရသူတို့အကြား ငွေပေးချေမှုကိစ္စများနှင့် ပတ်သက်၍ လုပ်ငန်းအပ်နှံသည့် စာချုပ်တွင် ညှိနှိုင်းထည့်သွင်းဖော်ပြမည်ဖြစ်ပါသည်။

(ဍ) ဈေးနှုန်းဖွင့်ဖောက်သည့်နေ့တွင် လာရောက်သူ လုပ်ငန်းရှင် (သို့မဟုတ်) ကိုယ်စားလှယ်သည် ဈေးနှုန်းဖွင့်ဖောက်ရေးအဖွဲ့မှ စိစစ်သည့်ဈေးနှုန်းအပေါ် အဆုံးအဖြတ်ပေးနိုင်သူဖြစ်ရပါမည်။

(ဎ) ဈေးနှုန်းတင်သွင်းသည့်အခါ လူပုဂ္ဂိုလ်အမည်အစား လုပ်ငန်းအမည် (သို့မဟုတ်) ကုမ္ပဏီအမည်ဖြင့်သာ တင်သွင်းရပါမည်။ ဈေးနှုန်းတင်သွင်းသည့် စာရွက်တိုင်း တွင် ကုမ္ပဏီတံဆိပ်ရိုက်နှိပ်၍ တာဝန်ရှိသူ လက်မှတ်ရေးထိုးရပါမည်။

(ဏ) အဆိုပါ စက်ပစ္စည်းများကို (၁) နှစ်အတွင်း ပျက်စီးမှုမရှိ ကြောင်းနှင့် (၄) နှစ်အတွင်း ပြုပြင်ပေးနိုင်ကြောင်း အာမခံရပါမည်။

(တ) လုပ်ငန်းအတွက် ကျသင့်သည့်အခွန်အခကိစ္စများကို တည်ဆဲ အခွန်ဥပဒေများ နှင့်အညီ ပေးချေရမည်ဖြစ်ပါသည်။

(ထ) စက်ပစ္စည်းများကို စာချုပ် ချုပ်ဆိုပြီးသည့် ရက်နေ့မှစ၍ ရက်ပေါင်း (၁၈၀) တွင်း ရုံးအမှတ်(၂)၊ နေပြည်တော်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရုံးသို့ အရောက် ပေးပို့ရပါမည်။

(ဒ) ဈေးနှုန်းတင်သွင်းလိုသူများသည် အထက်ဖော်ပြပါ စည်းကမ်းချက်များကို သဘောတူ ဆောင်ရွက်နိုင်မှသာလျှင် တင်ဒါများကို ပေးသွင်းရန်ဖြစ်ပါသည်။ ပစ္စည်းများဝယ်ယူ တင်သွင်းရာတွင် စက်ပစ္စည်းများနှင့် ပတ်သက်၍ လိုအပ်ချက်များ၊ သတ်မှတ်အချက် များနှင့် ကွဲလွဲမှုများရှိပါက တင်ဒါခေါ်ယူရေးအဖွဲ့နှင့် အချိန်မရွေး ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ပူးတွဲပါ - (၁) Equipment list and Specification
(၂) Bidding documents for procurement of Goods
Procurement of Spectrum Monitoring System (SMS)
(Magway/ Mawlamyine / Muse )

2/7/2020

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဇာနည်အောင်၊ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို-

- ရုံးလက်ခံ/ မျှော